မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၈၅)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

လစ်လပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော် (၃၇)နေရာ၊ အမျိုးသားလွှတ်တော် (၆)နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် (၂)နေရာ စုစုပေါင်း လွှတ်တော် (၄၅)နေရာအတွက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို ယနေ့ နံနက် ၆ နာရီမှစတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိကျင်းပရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများသည် ဖွင့်လှစ်ပေးထားသည့် မဲရုံအသီးသီး၌ လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

ဆန္ဒမဲပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နံနက် ၁၁ နာရီ ၅ မိနစ်တွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁/၁) သို့ လာရောက်၍ ဆန္ဒမဲပေးကြသည်။

အလားတူ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် အဆိုပါမဲရုံသို့လာရောက်၍ ဆန္ဒမဲပေးကြသည်။

အဆိုပါမဲရုံတွင် ဆန္ဒမဲပေးနေမှုများကို မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပြည်တွင်း ပြည်ပမှ သတင်းထောက်များ လာရောက်ကြည့်ရှုလေ့လာ သတင်းရယူကြသည်။

ဇမ္ဗူသီရိမြို့နယ်တွင် မဲရုံပေါင်း (၃၆)ရုံ ဖွင့်လှစ်ထားရှိရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ အပါအဝင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှာပင် သက်ဆိုင်ရာမဲရုံအသီးသီးသို့ စုဝေးရောက်ရှိလာကြပြီး မိမိတို့နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေးရွေးချယ်ကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စနစ်တကျ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ထောက်ခံမဲနှင့် ပယ်မဲတို့ကို စနစ်တကျရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များ၌ မှတ်တမ်းတင်ရေးသွင်းကြသည်။

အလားတူ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)သို့ လာရောက်၍ ဆန္ဒမဲပေးကြသည်။

နှုတ်ဆက်

ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါမဲရုံသို့လာရောက်၍ ဆန္ဒမဲပေးပြီး မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျေးရွာအုပ်စု (၂၈)အုပ်စုတွင် မဲရုံပေါင်း (၈၁)ရုံ ဖွင့်လှစ်ထားရှိရာ မဲဆန္ဒပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှာပင် သက်ဆိုင်ရာမဲရုံအသီးသီးသို့ စုဝေးရောက်ရှိလာကြပြီး မိမိတို့နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေးရွေးချယ်ကြသည်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတစွာကျင်းပရာတွင် မဲဆန္ဒရှင်များ လွတ်လပ်လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရန်၊ မဲရုံများ၌ ငြိမ်ဝပ်ပိပြားမှုရှိစေရန်၊ ရွေးကောက်ပွဲတရားမျှတမှုကို ထင်သာမြင်သာရှိစေရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံများအတွင်းသို့ စည်းကမ်းတကျဝင်ခွင့်ပေးရန် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်းပြီးဆုံးသည့်အချိန်အထိ မဲရုံအတွင်းသို့ မဲရုံအဖွဲ့ဝင်များ၊ ဆန္ဒမဲပေးမည့်သူများ၊ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန်ပေးအပ်ခံရသူများ၊ နည်းဥပဒေ ၄၂ အရ ခွင့်ပြုထားသူများဖြစ်သည့် စာမတတ်သူများနှင့် မျက်မမြင်တို့အား ကူညီဆောင်ရွက်ပေးမည့် ထိုမဲစာရင်းတွင်ပါရှိသော ယင်းမဲဆန္ဒရှင်၏ မိဘ၊ ဇနီး၊ ခင်ပွန်း၊ သား/သမီး၊ ညီအစ်ကို၊ မောင်နှမအရင်းအချာများ၊ ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲဝင်များ၊ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွက် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များမှတစ်ပါး အခြားမည်သူမျှ ဝင်ရောက်ခြင်းမရှိကြောင်းကိုလည်း တွေ့မြင်ကြားသိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ရေးသွင်း

မဲရုံအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ စုံလင်စွာလာရောက်မဲပေးပြီး ဤဆန္ဒမဲပေးခြင်းပြီးဆုံးချိန်ရောက်သည်နှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ထောက်ခံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များ၌ မှတ်တမ်းတင်ရေးသွင်းကြသည်။

အလားတူ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နံနက် ၆ နာရီမှစတင်၍ တစ်ပြိုင်တည်းကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥတ္တရသီရိမြို့နယ်၌လည်း ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်)

ကိုယ်နှင့်ဝန်းကျင် ကိုယ်ပြုပြင်

လူ့ပတ်ဝန်းကျင်တစ်ခုသည် နေထိုင်ကြကုန်သော လူတို့၏ စရိုက်လက္ခဏာကို ပြောင်းလဲစေနိုင်၏။ စရိုက်ကောင်းလျှင် ဝန်းကျင်ကောင်း၏။ စရိုက်မကောင်းလျှင် ပတ်ဝန်းကျင်မကောင်း၊ ပတ်ဝန်းကျင်ကောင်းရန် အရေးကြီး၏။ ဝန်းကျင်ကောင်းမှ အားလုံးကောင်းနိုင်၏။

ဝန်းကျင်တစ်ခု၊ တစ်နေရာ၌ ကောင်းသောသူများရှိကြသလို မကောင်းသောသူများလည်းရှိနိုင်၏။ ကောင်းခြင်း၊ မကောင်းခြင်းသည် အမြဲဒွန်တွဲနေသည်ဆိုသော နိယာမသဘောအတိုင်း ရှိကြ၏။ ဤနေရာတွင် မကောင်းသူများကို ကောင်းသူများက ပြုပြင်ပေးသင့်၏။ အဘယ်ကြောင့်ဟူမူ အားလုံးကောင်းမှ ဝန်းကျင်ကောင်းတစ်ခု ဖြစ်လာနိုင်ပေသည်။

လူတို့သည် မိမိတို့နေထိုင်သော နေအိမ်ခြံဝင်း၊ အိမ်စသည်တို့ကို သန့်ရှင်းသာယာလှပအောင် ပြုပြင်ကြ၏။ အနိမ့်ဆုံး နေအိမ်တိုင်း ခြံစည်းရိုး သို့မဟုတ် တံခါးတစ်ခုတွေ့ရှိ၏။ ခြံစည်းရိုးနှင့် တံခါးဟူသည် အရံအတားတစ်ခုပင်ဖြစ်၏။ တတ်နိုင်သူများက နေအိမ်ခြံဝင်းများကို အုတ်တံတိုင်းများနှင့် သံပန်းတံခါးများဖြင့်ပင် လှပသည်ထက်လှပအောင်၊ လုံခြုံသည်ထက်လုံခြုံနေအောင် အစွမ်းကုန်မွမ်းမံကြ၏။ ခြံအတွင်း စိုက်ပျိုးထားသော သစ်သီးဝလံပန်းမန် ရှင်သန်လှပအောင် ပြုပြင်ပျိုးထောင်ပေးကြသည်။ ထို့အတူ မိမိတို့နေထိုင်ရာ ဝန်းကျင်တွင် စိတ်ပိုင်းဆိုင်ရာ အားနည်းသူများအား စိတ်ပိုင်းဆိုင်ရာ အားကောင်းလာအောင် ပျိုးထောင် ပြုပြင်ပေးသင့်၏။ ဘဝကြမ်း၍ စရိုက်ကြမ်းနေကြခြင်းသာဖြစ်၏။ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပေးခြင်းဖြင့် စရိုက်ကြမ်းမှုများ ပြေပျောက်စေနိုင်၏။

စရိုက်ကြမ်းတမ်းခြင်းသည် မိမိအတွက်သာမက အများပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေ၏။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာမျိုး မဖြစ်သင့်။ "သူ့ဟာသူစရိုက်ကြမ်းတာ ငါတို့နဲ့ ဘာဆိုင်လို့တုံး၊ အနေသာချည်းပါကွာ"ဆိုသူတွေ အတော်များ၏။ အမှန်အားဖြင့် ပတ်ဝန်းကျင်ကောင်းမှ အားလုံးကောင်းမည်ဆိုသည့်အချက်ကို မေ့မထားသင့်။

စရိုက်ကြမ်းသူများသည် ယဉ်ပါးလာရမည်။ ယဉ်ပါးရာမှ လိမ္မာရေးခြားရှိရမည်။ ထိုမှတစ်ဆင့် တက်၍ အသိဉာဏ်နှင့်ထိန်းချုပ်သည့်စရိုက်ကောင်းသူများ ဖြစ်လာရမည်ဆိုသော ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပြုပြင်ပေးနိုင်ကြလျှင် ကောင်း၏။ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တစ်ခုလုံး စရိုက်ကောင်းသော လူမှုအဖွဲ့အစည်းတစ်ရပ်အဖြစ် တည်ဆောက်ကြရပေမည်။ စရိုက်ကောင်းလက္ခဏာရှိပါမှ လူမှုဘဝတိုးတက်နိုင်၏။ ကြီးပွားနိုင်၏။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် မိမိတို့ဝန်းကျင်တွင် စိတ်ကောင်း၊ နှလုံးကောင်း၊ စရိုက်ကောင်းများ ရှင်သန်ထွန်းကားလာစေရန် ပြုပြင်ပေးသင့်၏။ စရိုက်ကောင်းသူများ အများအပြားရှိလာပါမှ ပတ်ဝန်းကျင် တစ်ခွင် ပိုမိုအေးချမ်းမည်ဖြစ်သည်။ ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်လာရန်ကား မိမိကိုယ်တိုင်သည်သာ အဓိကဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

သစ်သီးနှင့်ပန်းအလှပြင်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော သစ်သီးနှင့် ပန်းအလှပြင် သင်တန်း(၁/၂၀၁၂) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး/ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြ **(အောက်ပုံ)**က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသည့် သင်တန်းသူများအား တိုင်းဒေသကြီးနှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ယဉ်ကျေးလိမ္မာစာကြည့်တိုက် မြင်းခြံမြို့နယ်၌ဖွင့်

မြင်းခြံ ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဘွက်ကုန်း(ဥယျာဉ်ကုန်း)ကျေးရွာ၌ ယဉ်ကျေးလိမ္မာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

စာကြည့်တိုက်ကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီးဦးအောင်ဖေ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဦးကျော်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အဆိုပါ ယဉ်ကျေးလိမ္မာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ ဦးစီး၍ ငွေကျပ်သိန်း ၁၁၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ပေ ၂၀၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း၊ တစ်ထပ် အဆောက်အအုံဖြစ်သည်။ သုတရသ စာအုပ်စာစောင်အတွက် ငွေကျပ် ခုနစ်သိန်းနှင့် မှန်ဗီရို၊ စာကြည့်စားပွဲ၊ ကုလားထိုင်အတွက်ငွေကျပ်သုံးသိန်းကိုဆရာတော်က လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၂) စီမံချက်အရ မတ် ၂၂ ရက်က မြို့နယ် ဦးစီးဌာနမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းတွင် အမည်စာရင်းဖြည့်သွင်းခြင်းလုပ်ငန်းကို ရွှေပျောက်ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာသို့ ကျောက်တန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလှရွှေ၊ ဦးမျိုးမြင့်၊ တောင်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျတို့ လာရောက်ကြည့်ရှုအားပေးကြသည်။ ရွှေပျောက်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၅ ဦး၊ အိမ်ထောင်စုစာရင်း အမည်ဖြည့်သွင်းခြင်း ၇၉ ဦးတို့အား ဆောင်ရွက်ပေးခဲ့ကြပြီး မိုးပွင့် အဆင့်(၁)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၄၇ ဦးကိုဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်လဝက)**

မော်လမြိုင်ကျွန်းမြို့နယ်၌ အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုး

မော်လမြိုင်ကျွန်း ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်လုံးကျွတ် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်း မြို့မ (၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ခုတင် (၁၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် လုံးကျွတ် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို မြို့နယ်အတွင်းရှိ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်ပေါင်း ၂၈၉၉၇ ဦးတို့အား တစ်မြို့နယ်လုံး ကာကွယ်ဆေးထိုးစုရပ် ၆၄၃ စုရပ်တို့တွင် မတ် ၂၂ ရက်မှ ၃၁ ရက်အထိ အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

လှိုင်သာယာမြို့နယ်၌ ချေးငွေများထုတ်ချေးပေး

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ပုဂ္ဂလိကအသေးစား ချေးငွေများ ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ချေးငွေကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက ချေးငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် စုစုပေါင်းငွေကျပ် သိန်းသုံးရာသုံးဆယ့် ခုနစ်သိန်းငါးသောင်းကို ရပ်ကွက်၊ ကျေးရွာ၁၁ ရွာတို့မှ ရပ်ကွက်၊ ကျေးရွာချေးငွေကြီးကြပ်ရေးကော်မတီများသို့ ပေးအပ်သည်။

အဆိုပါ ရပ်ကွက်၊ ကျေးရွာချေးငွေကြီးကြပ်ရေးကော်မတီများက ဆင်းရဲသည့် ပြည်သူများလက်သို့ အမြန်ရောက်ရှိရေးအတွက် နေ့ချင်းပြီး ထပ်ဆင့်ထုတ် ချေးပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၀၁)**

လှည့်လည်ကြည့်ရှု

မတ် ၂၈ ရက်က လှိုင်ကော်မြို့နယ် နဝရတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းကို လှည့်လည်ကြည့်ရှုစဉ်။

(မြန်မာ့အလင်း)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြို့မဈေးအတွင်း လျှပ်စစ် အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်မီး စနစ်တကျသုံးစွဲကြခြင်းဖြင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မတ် ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးထိန်လင်း၊မြို့နယ်အရန်မီးသတ် တပ်ဖွဲ့မှူး ဦးမြဟန်နှင့် တာဝန်ရှိသူများ လှည့်လည်စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၄၈)**

စာဖတ်ရှိန်မြှင့်တင်ရေးဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ အင်းစိန်မြို့နယ်၌ကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် စာဖတ်ရှိန်မြှင့်တင်ရေးဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို အင်းစိန်မြို့နယ် မြို့သစ် (ဂ)ရပ်ကွက် အမက(၁၄)၌ မတ် ၃၀ ရက်က ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက စာဖတ်ရှိန်မြှင့်တင်ရေး ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာစီစာကုံး၊ ကျပန်းစကားပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမရရှိသူများအား တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်သည်။

ဒုတိယဆုရရှိသူများအားတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေကလည်းကောင်း၊ တတိယဆုရရှိသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးကလည်းကောင်း၊ အထူးဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ဝန်ကြီးဒေါ်စန်းစန်းနွယ်ထံသို့ စာဖတ်ရှိန်မြှင့်တင်ရေးအတွက်အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ၁၀ တိုက်အတွက် လှူဒါန်းသောငွေကျပ်ငါးသိန်း တန်ဖိုးရှိ သုတ၊ ရသစာအုပ်များကို ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆန္ဒမဲပေး

ဒုတိယ သမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

ဆန္ဒမဲပေး

ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ် ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

ဒုတိယ သမ္မတ ဒေါက်တာ စိုင်း မောက် ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း၌ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

● *ရွှေဖုံးမှ*

မဲဆန္ဒရှင်ပြည်သူများသည် မဲရုံအသီးသီးသို့ နံနက် မိုးမလင်းမီကပင် ရောက်ရှိနေကြပြီး မဲရုံစတင်ဖွင့်လှစ်သည်နှင့် တစ်ပြိုင်တည်းအားတက်သရော ဆန္ဒမဲပေးကြသည်။

ဥတ္တရသီရိမြို့နယ်အတွင်း၌ မဲရုံ (၄၉)ရုံဖွင့်လှစ်ထားရာ မဲရုံအသီးသီး၌ ဆန္ဒမဲပေးမည့်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ကျင်းပလျက်ရှိရာတွင် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ရပ်ကွက်ရှိ မဲရုံအမှတ် (၁/၁)၌ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ လာရောက်ဆန္ဒမဲပေးကြသည်။

အလားတူ ဥတ္တရသီရိမြို့နယ်အတွင်းရှိ အခြားမဲရုံများတွင်လည်း နံနက်ပိုင်းမှ စတင်၍ မဲရုံမှူးများက မဲရုံဖွင့်လှစ်ကြောင်း ကြေညာသည်နှင့်တစ်ပြိုင်တည်း စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြသည့် မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲလက်မှတ်များ ထုတ်ယူပြီး မိမိနှစ်သက်ရာပါတီနှင့် ပုဂ္ဂိုလ်အား လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

သတင်းရယူ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ မဲရုံအမှတ်(၁/၁)သို့ရောက်ရှိပြီး မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေးနေမှုကို လိုက်လံကြည့်ရှုသည်။

ယင်းသို့ မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များကလည်း မှတ်တမ်းတင်သတင်းရယူကြသည်။

ညနေ ၄ နာရီ မဲရုံပိတ်ချိန်တွင် မဲရုံမှူးများနှင့် မဲရုံတာဝန်ကျများက နေပြည်တော်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဥတ္တရသီရိမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ခန့်ထားသည့် ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ၏ရှေ့၌ ဆန္ဒပြုမဲများနှင့် ပယ်မဲများကို စနစ်တကျရေတွက်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မဲဆန္ဒနယ် (၄)နယ်ဖြစ်သည့် ဇမ္ဗူသီရိ မဲဆန္ဒနယ်တွင် မဲရုံပေါင်း (၃၆)ရုံ၊ ဥတ္တရသီရိမဲဆန္ဒနယ်တွင် မဲရုံပေါင်း (၄၉)ရုံ၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်တွင် မဲရုံပေါင်း (၁၇)ရုံနှင့် ပုဗ္ဗသီရိမဲဆန္ဒနယ်တွင် မဲရုံပေါင်း (၈၁)ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၆၅၀၀၀ ကျော်တို့က လွှတ်တော်ကိုယ်စားလှယ်အား ဆန္ဒမဲပေးရွေးချယ်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိ မြို့နယ်၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နံနက် ၆ နာရီမှ စတင်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး **စာမျက်နှာ ၄ ကော်လံ ၁ သို့**

မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပမှ သတင်းထောက်များ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ်ရှိ မဲရုံများ၌မဲဆန္ဒရှင် ပြည်သူများ မဲ လက်မှတ် များ ထုတ်ယူစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဦးမြင့်လှိုင်နှင့် ဇနီးတို့သည် နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဒက္ခိဏသီရိမြို့နယ်ရှိ ဒက္ခိဏသီရိရပ်ကွက် မဲရုံအမှတ်(၂)သို့ လာရောက်၍ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးရွေးချယ်

ဒက္ခိဏသီရိမြို့နယ်တွင် မဲရုံပေါင်း (၁၇)ရုံ ဖွင့်လှစ်ထားရှိရာ မြို့နယ်အတွင်းရှိ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များသည် သက်ဆိုင်ရာမဲရုံအသီးသီးသို့ စုဝေးရောက်ရှိလာကြပြီး မိမိတို့နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေးရွေးချယ်ကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စနစ်တကျလွတ်လပ်ပွင့်လင်းစွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

မှတ်တမ်းတင်ရေးသွင်း

ညနေ ၄ နာရီတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကိုဖွင့်ဖောက်၍ ထောက်ခံမဲနှင့် ပယ်မဲတို့ကို စနစ်တကျရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များ၌ မှတ်တမ်းတင်ရေးသွင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဒက္ခိဏသီရိမြို့နယ်ရှိ ဒက္ခိဏသီရိရပ်ကွက် မဲရုံ၌ ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၃၀ ခါသကြ်န်အဆိုအကများ
- ၈:၄၀ International News

ညပိုင်း

- ၄:၃၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၂၅ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့သည့် တံတားများ (အပိုင်း-၂)
- ၆:၁၅ မိုးလေဝသအခြေအနေ
- ၇:၅၀ **အနာဂတ်မြန်မာပြည်** ရိုနီမိုး၊ ကိုရဲ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ဆုမွန် - ကမ္ဘာကျော် သရုပ်ဆောင်များ

MRTV-4

၂-၄-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၂၀ MRTV-4 သတင်း
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ**(အပိုင်း-၃၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၁၁၆)
- ၁၁:၂၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၃၁)
- ၂:၀၀ MRTV-4 သတင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ**(အပိုင်း-၄၀)
- ၉:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း- ၁၁၇)
- ၁၀:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့် လှစေသူ** (ဇာတ်သိမ်းပိုင်း)

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၅	Blackburn-Man U	(ESPN) (MRTV-4)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆန္ဒမဲပေး

ဒက္ခိဏသီရိမြို့နယ်ရှိ ဒက္ခိဏသီရိရပ်ကွက် မဲရုံအမှတ်(၂) ၌ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးကြစဉ်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။နေ့အပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးတွင် ဧပြီလ၏ပျမ်းမျှ အပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ မင်းဘူးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘားအံမြို့တွင် ၀ ဒသမ ၃၂ လက်မ၊ မုဒုံမြို့နှင့် မြဝတီမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း **"ပက်(ခ်)ရာ"** သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ယင်းအပူပိုင်းမုန်တိုင်းသည် အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားပြီး ယနေ့မွန်းတည့်မှ နောက် ၁၂ နာရီအတွင်း ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရီးရဲမက်ဒရစ်တို့ အဝေးကွင်း၌နိုင်ပွဲရ

မောင်မောင်မြင့်ဆွေ စုစည်းသည်

မက်ဒရစ် ဧပြီ ၁

စပိန်လာလီဂါပွဲစဉ်များကို ဧပြီ ၁ ရက် နံနက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ အိုဆာစူနာနှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်တို့က ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဘာစီလိုနာတို့ကလည်း အိမ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ပွဲချိန် ၇ မိနစ်၌ပင် ဘင်ဇီမာက ရီးရဲမက်ဒရစ်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၃၇ မိနစ်၌ စီရိုနယ်ဒိုက တစ်ဂိုး သွင်းယူခဲ့သည့်အပြင် ပွဲချိန်မိနစ် ၄၀ ၌ ဟီဂူအင်က တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ပထမပိုင်းပွဲချိန်အတွင်းမှာပင် ရီးရဲမက်ဒရစ်တို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိနေခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းမှ စီရိုနယ်ဒို၏ ထိုးဖောက်ယှဉ်ပြိုင် ကစားမှုကို ဤသို့တွေ့ရစဉ်။

အိုဆာစူနာအတွက် ချေပဂိုးကို ပွဲချိန် ၄၈ မိနစ်၌ နီနိုကသွင်းယူခဲ့သော်လည်း ပွဲချိန် မိနစ် ၇၀၌ စီရိုနယ်ဒိုက တစ်ဂိုး ထပ်မံသွင်းယူခဲ့ပြီး ပွဲချိန် ၇၇ မိနစ်တွင် ဟီဂူအင်က တစ်ဂိုး ထပ်မံသွင်းယူခဲ့ပြန်ရာမှ ရီးရဲမက်ဒရစ်တို့ငါးဂိုးရရှိခဲ့သည်။ နောက်ထပ်ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ဘီလ်ဘာအိုတို့ပွဲတွင် ဘာစီလိုနာအတွက် ပွဲချိန်မိနစ် ၄၀၌ အင်နီယေစတာက တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၅၈ မိနစ်၌ မက်ဆီက ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်

ပရီမီယာလိဂ်ပွဲစဉ် (၃၁) လက်ကျန်ပွဲများကို ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်က လီဗာပူးကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး စပါးက ဆွမ်ဆီးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မီယာမီမာစတာဖလားတင်းနစ် ဗိုလ်လုပွဲ ရက်ဝမ်စကာဗိုလ်စွဲ

မီယာမီ ဧပြီ ၁

မီယာမီမာစတာဖလား တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၃၁ ရက်ကကျင်းပရာ ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာ **(အပေါ်ပုံ)**က ရုရှားတင်းနစ်မယ် ရှာရာပိုဗာအား အနိုင်ရရှိသွားခဲ့သည်။ အသက် ၂၃နှစ်အရွယ်ရှိ ရက်ဝမ်စကာသည် ရှာရာပိုဗာအား ၇-၅၊ ၆-၄ ဖြင့် အနိုင်ရအောင် ယှဉ်ပြိုင်ကစားခဲ့ပြီး ဆုဖလားဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ရက်ဝမ်စကာသည် ကမ္ဘာ့အဆင့် (၄)ရှိသူဖြစ်ပြီး ရှာရာပိုဗာက ကမ္ဘာ့အဆင့် (၂)ရှိသူဖြစ်သည်။

ရက်ဝမ်စကာသည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဗီးနပ်စ်ဝီလျံအား အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲ၌ ပြင်သစ်တင်းနစ်မယ် ဘာတိုလီကို အနိုင်ယူကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲ၌ ရက်ဝမ်စကာအနိုင်ရရှိခြင်းမှာ ကစားပုံကောင်းလွန်းပြီး ရိုက်ချက်များအမှားအယွင်းနည်း၍ဖြစ်ကြောင်း ရှာရာပိုဗာက ပွဲအပြီးပြောကြားသည်။ **(အင်တာနက်)**

စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်၊ ရှမ်းပြည်နယ်တို့၌ ၂၀၁၂ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပ

နေပြည်တော် ဧပြီ ၁

၂၀၁၂ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းရှိ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်သွားသော မဲဆန္ဒနယ်များ၌ ယနေ့နံနက် ၆ နာရီမှစတင်၍ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၊ ပုလဲမြို့နယ်နှင့် မင်းကင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နှင့် ကျွန်းစုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် လက်ပံတန်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ ရှမ်းပြည်နယ် ကလောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် မြန်အောင်မြို့နယ်စသည့်မဲဆန္ဒနယ်တို့၌လည်း မဲရုံများဖွင့်လှစ်၍မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲများ လွတ်လပ်ပွင့်လင်းစွာ လာရောက်ပေးခဲ့ကြကြောင်း သိရှိရသည်။

ထိုသို့ မဲဆန္ဒရှင်များက စနစ်တကျလွတ်လပ်ပွင့်လင်းစွာ ဆန္ဒမဲပေးနေမှုများကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများပြည်တွင်း/ပြည်ပသတင်းထောက်များက လှည့်လည်ကြည့်ရှုလေ့လာကြပြီး မဲဆန္ဒရှင်ပြည်သူများအား သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် မတ် ၂၇ ရက်က ဝါးခယ်မမြို့ ရေကျော်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးအေးဝင်းနှင့် ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ထုတ်ပေးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၃၉)

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ဆွေးနွေးပွဲနှင့် အစည်းအဝေးများ
ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်ခဲ့

နေပြည်တော် ဧပြီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းလိုက်ပါလျက် မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏သီးသန့်ဆွေးနွေးပွဲ(Finance Ministers' Retreat) နှင့် (၁၆)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး (16th ASEAN Finance Ministers' Meeting) များသို့ တက်ရောက်ခဲ့သည်။

မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် La Residence ဒုတိယထပ်၌ ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ သီးသန့်ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍ ပေါင်းစည်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ ငွေရေးကြေးရေးတည်ငြိမ်မှုရှိစေရန် ဇင်းမယ်အစီအစဉ်အား ဒေသဆိုင်ရာ အကာအကွယ်ပေးမည့်အစီအစဉ်အဖြစ် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရေးနှင့် အာဆီယံပေါင်းစည်းရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ငွေရေးကြေးရေး အရင်းအမြစ်များ စုစည်းရရှိရေးကိစ္စများကို ဝန်ကြီးများက လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မတ် ၃၀ ရက် နံနက်ပိုင်းတွင် Sofitel Hotel ၌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်အားအာဆီယံဘဏ္ဍာရေးဝန်ကြီးများက ဂါရဝပြုတွေ့ဆုံခဲ့ကြသည်။

မတ် ၃၀ ရက် နံနက်ပိုင်းတွင် Sofitel Hotel ၌ (၁၆)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး Mr.Keat Chhon က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အဖွင့်အမှာစကားပြောကြားဖွင့်လှစ်ပေးသည်။ ထို့နောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ၊ ကမ္ဘာ့ဘဏ် အာရှပစိဖိတ်ဒေသဆိုင်ရာ ဘောဂဗေဒမှူးချုပ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူးတို့က အာဆီယံဒေသ၏ ၂၀၁၂ ခုနှစ်အတွက် အာဆီယံနိုင်ငံများ၏ စီးပွားရေးနှင့် ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် အလားအလာများ၊ အာရှဒေသ အထူးသဖြင့် အာဆီယံဒေသအပေါ် သက်ရောက်နိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် မူဝါဒရေးရာ စိန်ခေါ်မှုများ၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ ရှေ့အလားအလာများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ကမ္ဘာ့ငွေရေးကြေးရေးစနစ်များတွင် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည့် အဓိကစိန်ခေါ်မှုများ၊ ဒေသတွင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ငွေရေးကြေးရေး တည်ငြိမ်မှု တိုးမြှင့်ဆောင်ရွက်မှုအပေါ် မည်သို့သက်ရောက်နိုင်သည်များကို တင်ပြကြရာ ဘဏ္ဍာရေးဝန်ကြီးများက ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် ဝန်ကြီးများသည် အာဆီယံ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက် (ASEAN Agreement on Customs) ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ အာဆီယံပေါင်းစည်းရေးဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းမှုရုံး (ASEAN Integration Monitoring Office-AIMO) တည်ထောင်ပြီးစီးမှုဆိုင်ရာ နောက်ဆုံးအခြေအနေများနှင့် ၂၀၁၂-၂၀၁၃ ခုနှစ်များအတွက် ဆက်လက်ဆောင်ရွက်မည့် AIMO လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ (AEC Blueprint)အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ထိန်းကျောင်းခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းတိုးတက်မှု အခြေအနေများ အပါအဝင် AEC အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများကို လည်းကောင်း တင်ပြဆွေးနွေးရာ ဝန်ကြီးများက လိုအပ်ချက်များအပေါ် ဆွေးနွေးလမ်းညွှန်မှုများ ပြုခဲ့ကြသည်။

ယင်းနောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများက ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။

အစည်းအဝေးများ မကျင်းပမီ မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား အမေရိကန်နိုင်ငံ လက်ထောက်ဘဏ္ဍာရေးဝန်ကြီး Mr.Charles Collyns လာရောက်တွေ့ဆုံပြီး ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မတ် ၃၀ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Shinohara နှင့် အာရှပစိဖိတ်ဌာနမှ ညွှန်ကြားရေးမှူး Mr. Anoop Singh တို့အား Sofitel Hotel ၌ လက်ခံတွေ့ဆုံ၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကျွမ်းကျင်မှုအကူအညီပေးရေးကိစ္စများနှင့် အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။ ညနေ ၆ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ်မှ အရှေ့တောင်အာရှဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga က Sofitel Hotel ၌လာရောက်တွေ့ဆုံပြီး အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံအကြား ရှေ့ဆက်လက်ဆောင်ရွက်မည့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ကျွမ်းကျင်မှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း (၁၆)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲကို မတ် ၂၄ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ၃၂လမ်းမှော်ရုံ၌ ကျင်းပရာ အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အမျိုးသမီးရေးရာအကြောင်းသိကောင်းစရာ စကားဝိုင်း ဆွေးနွေးကြစဉ်။ (မြန်မာ့အလင်း)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဧပြီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇) ရပ်ကွက်၌ သုတကောင်းကင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အဆိုပါစာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေပဒေသာပင် ကျပ် ၅၀၀၀၀ နှင့် ရုပ်မြင်သံကြားစက်တစ်လုံး လှူဒါန်းသည်။ စာကြည့်တိုက်ကို စေတနာရှင်ပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၄၀ ဖြင့် တည်ဆောက်ထားပြီး အလျား ပေ ၂၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ် သွပ်မိုးဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

✱ ကျောဖုံးမှ

ကံ့ကော်လမ်းရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် ရပ်ကွက် (၁၄)ရပ်ကွက်နှင့် ကျေးရွာလေးရွာတို့၌ မဲရုံပေါင်း (၆၇) ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာမဲပေးကြသည်။

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများက ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေး ရွေးချယ်နေမှုကို မင်္ဂလာတောင်ညွန့်မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းဖော်နှင့် အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေး ရွေးချယ်နေမှုကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များက ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုလေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများအား သိလိုသည်များကို မေးမြန်းကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်၌မဲရုံပေါင်း (၆၈)ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက စနစ်တကျလွတ်လပ်စွာမဲပေးကြသည်။

ညနေ ၄ နာရီ မဲရုံပိတ်ချိန်၌ သံတမန်များ၊ နိုင်ငံတကာမှလေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များသည် မဲရုံများ၌ မဲရုံမှူးနှင့် မဲရုံတာဝန်ကျများက တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများရှေ့၌ ဆန္ဒပြုမဲများနှင့်ပယ်မဲများ စနစ်တကျ စိစစ်ရေတွက်မှုကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

သုံးခွမြို့နယ်အတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်များ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

လှည်းကူးမြို့နယ်အတွင်းရှိ မဲရုံများတွင် သံတမန်များနှင့် နိုင်ငံတကာမှ လေ့လာသူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

လှည်းကူးမြို့နယ်အတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်များ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်သွားသော မဲဆန္ဒနယ်များ၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် နိုင်ငံတစ်ဝန်း၌ တစ်ပြိုင်နက် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲကိုလည်း မြို့နယ်အတွင်းရှိ သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပသည်။

ထိုသို့ကျင်းပရာ၌ နံနက် ၆ နာရီတွင် မဲရုံများစတင်ဖွင့်လှစ်ပြီး မဲဆန္ဒရှင်များက မြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ဆန္ဒမဲပေးကြရာ ထိုသို့လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပ သတင်းထောက်များက လိုက်နာဆောင်ရွက်ရန် အချက်များနှင့်အညီ လေ့လာပြီး သတင်းရယူဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရပ်ကွက် (၁၈)ရပ်ကွက်မှ မဲရုံပေါင်း (၇၉) ရုံ၌ မဲဆန္ဒရှင်ပြည်သူများသည် မိမိတို့နှစ်သက်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုရွေးချယ်၍ မဲပေးကြပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့ကလည်း ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ တံတားဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့၌လည်း ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ လာရောက်ဆန္ဒမဲပေးခဲ့ကြကြောင်းနှင့် ယင်းသို့ဆန္ဒမဲပေးနေမှုကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များက လှည့်လည်ကြည့်ရှုလေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင် ပြည်သူများအား သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ် မဲရုံများ၌ မဲဆန္ဒရှင်များ ဆန္ဒမဲများထုတ်ယူစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ဩစတြေးလျအနောက်ပိုင်း၌ ငါးမန်းတိုက်ခိုက်ခံရပြီး တစ်ဦးသေဆုံး

ဆစ်ဒနီ ဧပြီ ၁

ဩစတြေးလျနိုင်ငံအနောက်ပိုင်း ကမ်းခြေအနီးရေပြင်တွင် မတ် ၃၁ ရက်က ရေလွှာလျှောစီးနေသော အမျိုးသားတစ်ဦးအား ငါးမန်းတစ်ကောင်က ကိုက်သတ်ခဲ့သဖြင့်သေဆုံးခဲ့ရကြောင်း ဩစတြေးလျအရာရှိများက ဧပြီ ၁ ရက်တွင် ပြောကြားသည်။

ယင်းအမျိုးသားသည် ဩစတြေးလျနိုင်ငံ ပက်သ်မြို့တောင်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ဘက်ဆဲလ်တန်မြို့အနီး ရေပြင်၌ အခြားမိတ်ဆွေတစ်ဦးနှင့် အတူ ရေလွှာလျှောစီးနေကြစဉ် ငါးမန်းတစ်ကောင်၏ တိုက်ခိုက်ခြင်းကိုခံခဲ့ရခြင်းဖြစ်သည်။

ထိုသို့ငါးမန်းတိုက်ခိုက်ခံရပြီးနောက် အသက် ၂၀ အရွယ် ၎င်းအမျိုးသား၏ ရုပ်အလောင်းကို ဆယ်ယူရရှိခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှစတင်ကာ ဩစတြေးလျနိုင်ငံ အနောက်ဘက်ကမ်းခြေ၌ ငါးမန်းကိုက်ခံရ၍ သေဆုံးသူပေါင်းလေးဦးရှိပြီဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

သေဆုံးခဲ့

အဆိုပါအမျိုးသား၏ ခြေလက်နှင့်ခန္ဓာကိုယ်အနှံ့အပြားတွင် ငါးမန်းကိုက်ခံထားရသည့် ဒဏ်ရာများပြည့်နှက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် အောက်တိုဘာလကလည်း ယင်းနေရာ၌ အမေရိကန်နိုင်ငံသားတစ်ဦး ရေလွှာလျှောစီးရင်း ငါးမန်းကိုက်ခံရပြီး သေဆုံးခဲ့ရကြောင်း သတင်း၌ဖော်ပြသည်။ **(အောက်ပုံ)** **(အင်တာနက်)**

ထိုင်းအရှေ့ပိုင်းကမ်းရိုးတန်းဒေသများ မုန်တိုင်းတိုက်ခတ်၊ အိမ် ၂၀၀ ခန့်ပျက်စီး

ဗန်ကောက် ဧပြီ ၁

ထိုင်းနိုင်ငံအရှေ့ပိုင်းကမ်းရိုးတန်းဒေသတွင် မတ် ၃၁ ရက်က အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အိမ် ၂၀၀ ခန့် ပျက်စီးခဲ့ကြောင်း ထိုင်းအရာရှိများက ဧပြီ ၁ ရက်တွင် ပြောကြားသည်။

ပျက်စီး

ယင်းမုန်တိုင်းသည် ထိုင်းနိုင်ငံအရှေ့ပိုင်း ရာယန်ပြည်နယ် ကမ်းရိုးတန်းဒေသသို့ မတ် ၃၁ ရက် ညပိုင်းက ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ဓာတ်ကြိုးများ ပြတ်တောက်ကာ ကမ်းခြေရှိ အပန်းဖြေစားသောက်ဆိုင် ၁၉ ဆိုင်လည်း ပျက်စီးခဲ့သည်။ **(ဝဲပုံ)**

၎င်းမုန်တိုင်းသည် တောင်တရုတ်ပင်လယ်ဘက်မှ ဖြစ်တည်ရွေ့လျားလာခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်တောင်ပိုင်းသို့ ဆက်လက်ရွေ့လျားသွားခဲ့ကြောင်း ထိုင်းမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

သို့သော် လာမည့်သုံးရက်အတွင်း နောက်ထပ်မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိရာ ထိုင်းနိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် သတိပေးချက်များ ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

ကမ္ဘာ့အပိန်သေးဆုံး ရုရှားအမျိုးသမီးငယ် အသက် ၂၀ တွင် ကိုယ်အလေးချိန် ၂၀ ကီလိုဂရမ်သာရှိ

မော်စကို ဧပြီ ၁

ရုရှားနိုင်ငံမှ အသက် ၂၀အရွယ် ကက်ဆီနီယာဘူဘင်ကို အမည်ရှိ အမျိုးသမီးငယ်သည် ကိုယ်အလေးချိန် ၂၀ ကီလိုဂရမ်သာရှိရာ ကမ္ဘာပေါ်တွင် အပိန်သေးဆုံးအမျိုးသမီးငယ်တစ်ဦးဖြစ်ကြောင်း ရုရှားနိုင်ငံထုတ် လူငယ်ကျန်းမာရေးသတင်းစာ၌ ဧပြီ ၁ ရက်က ဖော်ပြသည်။ အရပ် ၁ ဒသမ ၅၈ မီတာရှိသော ဘူဘင်ကိုသည် အလွန်ထူးခြားသော အသားအရေနှင့် အရိုးအဆစ်ဖွဲ့စည်းမှုများဖြင့် မွေးဖွားလာခဲ့သူဖြစ်သည်။ **(ယာပုံ)**

ဖော်ပြခဲ့

သူမ၏ထူးခြားသော ခန္ဓာကိုယ်ဖွဲ့စည်းမှုပုံရိပ်ကို အင်တာနက်ပေါ်တွင်ဖော်ပြခဲ့ရာမှ ကမ္ဘာတစ်ဝန်း လူသိများလာခဲ့သူဖြစ်သည်။ သူမကို လူအများက ပိုဘီဒါဟုခေါ်ဆိုပြီး ရုရှားနိုင်ငံတွင် နာမည်ကြီးသူတစ်ဦးဖြစ်လာသည်။ သူမ၏မျက်နှာမှာ ချစ်စဖွယ်ဖြစ်သော်လည်း ခန္ဓာကိုယ်မှာ သာမန်ထက်များစွာ ပိန်သေးသူတစ်ဦးဖြစ်ကြောင်း စင်ကာပူမီဒီယာများကလည်း ဖော်ပြခဲ့သည်။

သွားရောက်ဆင်နွှဲ

သူမသည် မကြာမီက အစ္စရေးနိုင်ငံသို့သွားရောက်ကာ သာမန်ထက် ခန္ဓာကိုယ်အလေးချိန်နည်းသူများ ကိုယ်ဟန်ပြလမ်းလျှောက်ပွဲသို့ သွားရောက်ဆင်နွှဲခဲ့သည်။

သူမသည် အရွယ်မတိုင်မီ အိုမင်းသောရောဂါခံစားနေရသူမဟုတ်ကြောင်း၊ မွေးကတည်းက ခန္ဓာကိုယ် ကြံ့လှီသူတစ်ဦးဖြစ်ပြီး ထူးခြားသောအသားအရေနှင့် အရိုးများဖြင့် ဖွဲ့စည်းထားသူတစ်ဦး ဖြစ်ကြောင်း ဖော်ပြထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

အီရန်ရေနံနှင့် ဥရုဂွေးဆန် ဖလှယ်ရန် အသင့်ရှိနေ

မွန်တီဗီဒီယို ဧပြီ ၁

အီရန်ရေနံကို အမေရိကန်ဦးဆောင်သည့် အဖွဲ့က တစ်ဖက်သတ် ပိတ်ပင်နေချိန်တွင် အီရန် ရေနံကို ဥရုဂွေးဆန်နှင့်ဖလှယ်ရန် ဥရုဂွေးနိုင်ငံက အသင့်ရှိကြောင်း ဥရုဂွေး လယ်ယာစိုက်ပျိုးရေးဝန်ကြီး တာဘာရီအေဂွဲရား **(အောက်ပုံ)**က ပြောကြားသည်။

အီရန်က ကုန်စည်ဖလှယ်လိုလျှင် မိမိတို့ဘက်က အီရန်ရေနံကို ဆန်ဖြင့်လဲလှယ်ရန် အသင့်ရှိကြောင်း ဥရုဂွေးဝန်ကြီး တာဘာရီအေဂွဲရားက မတ် ၃၀ ရက်တွင် ပြောကြားသည်။

ရောင်းချ

လက်တင်အမေရိကနှင့် ဆန်ကိုအဓိကရောင်းချသည့် ဥရုဂွေးနိုင်ငံက ၂၀၁၁ ခုနှစ်အတွင်းတွင် အီရန်သို့ ဆန်တန်ချိန် ၉၀၀၀၀ ရောင်းချခဲ့သည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ ဘိုင်ကိုနော့ဗ်အာကာသယာဉ်စခန်းမှ စစ်ဘက်ဂြိုဟ်တု အောင်မြင်စွာလွှတ်တင်

မော်စကို ဧပြီ ၁

ရုရှားနိုင်ငံ ဘိုင်ကိုနော့ဗ် အာကာသစခန်းမှ စစ်ဘက်ဂြိုဟ်တုတစ်လုံးကို ပရိုတွန်-ကေဒုံးပျံဖြင့် အာကာသအတွင်း လွှတ်တင်လိုက်ကြောင်း ရုရှားစစ်ဘက်က ကြေညာသည်။ **(အပေါ်ပုံ)**

စစ်ဘက်ဂြိုဟ်တုကို မတ် ၃၀ ရက်က ချောမောအောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အလက်ဇီဇိုလိုတူတင်က ပြောကြားသည်။

ရုရှားစစ်ဘက်ဂြိုဟ်တုကို မတ် ၃၀ ရက် မော်စကိုစံတော်ချိန် နံနက် ၉ နာရီ ၄၉ မိနစ်တွင် လွှတ်တင်ခြင်းဖြစ်ပြီး ညနေ ၄ နာရီ ၂၇ မိနစ်တွင် ဂြိုဟ်တုသည် ဒုံးပျံမှ ခွဲထွက်ပျံသန်းမည်ဟု ခန့်မှန်းသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံတွင်း အကြမ်းဖက်မှု ၂၄ နာရီအတွင်း နေတိုးတပ်ဖွဲ့ဝင်လေးဦးသေဆုံး

ကဘူးလ် ဧပြီ ၁

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း သီးခြားတိုက်ခိုက်မှုများတွင် နိုင်ငံတကာလုံခြုံရေးအကူအညီပေးမှုတပ်ဖွဲ့ (အိုင်အင်န်အေအက်ဖ်) မှ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင် အနည်းဆုံး လေးဦးသေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များ၏ ကားတန်းကို ဗုံးခွဲတိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသည်။

ဖော်ပြထား

အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်သုံးဦးမှာ မတ် ၃၀ ရက်က အာဖဂန်နစ္စတန်နိုင်ငံအတွင်း သီးခြားဖြစ်စဉ်များ၌ သေဆုံးသည်။ နေတိုးတပ်ဖွဲ့ဝင်များအနက် အာဖဂန်နစ္စတန်၌ ယခုနှစ်အတွင်း သေဆုံးသွားသည့် တပ်ဖွဲ့ဝင်ဦးရေမှာ ယခုအခါ ၉၀ ကျော်သွားပြီဖြစ်ကြောင်း သတင်း၌ဖော်ပြထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁-၄-၂၀၁၂

➤ တင်မောင်လွင် – စုစည်းသည် ➤

တရုတ်၌မိုင်းတွင်းဓာတ်ငွေ့ပေါက်ကွဲမှု၊ ပျောက်ဆုံးသူ ၁၇ ဦးရှိနေဆဲ

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက မြေအောက်ကျောက်မီးသွေးမိုင်းတွင်းတစ်ခုအတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် မိုင်းလုပ်သား ၁၇ ဦးမှာ မြေအောက်မိုင်းတွင်း၌ ပိတ်မိနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာအရာရှိများက မတ် ၃၁ ရက်တွင် ပြောကြားသည်။ အဆိုပါ မတော်တဆမှုသည် မတ် ၂၂ ရက်က တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် လျောင်ယန်းမြို့အတွင်းရှိ ဒတ်ဟောင်းအမှတ်(၂) ကျောက်မီးသွေးမိုင်းတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြင်းထန်သော ဓာတ်ငွေ့ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့သည်ဟု ယူဆရကြောင်း၊ မိုင်းတွင်း၌လူငါးဦးသေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး အခြား ၁၇ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အဆိုပါပြည်နယ်ရှိ အလုပ်သမား လုံခြုံရေးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။ မြေအောက်မိုင်းတွင်း၌ အသက်ရှင်ကျန်ရစ်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က ရှာဖွေမှုများ ဆက်လက်ပြုလုပ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပါကစ္စတန်၌ ကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်၊ လေးဦးသေဆုံး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်နယ်စပ်အနီးတွင် အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် အနည်းဆုံးလေးဦးသေဆုံးကြောင်း လုံခြုံရေးအရာရှိများက မတ် ၃၁ ရက်တွင် ပြောကြားသည်။ မြောက်ဝါဇီရစ္စတန်ပြည်နယ် ဟီရန်ရှားမြို့ဈေး အရောင်းအဝယ်ကောင်းသည့် ဒေသရှိ လူနေအိမ်တစ်လုံးကို မောင်းသူမဲ့လေယာဉ်က မတ် ၃၀ ရက် စောစောပိုင်းတွင် ပစ်မှတ်ထားတိုက်ခိုက်သည်ဟု ဆိုသည်။ အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားသည်ဟု ထောက်လှမ်းရေးအရာရှိတစ်ဦးက ပြောကြားသည်။ အမေရိကန်သည် ပါကစ္စတန်၊ ယီမင်နှင့်ဆိုမာလီ အပါအဝင် နိုင်ငံအချို့၌ မောင်းသူမဲ့လေယာဉ်များကို ထောက်လှမ်းရေးနှင့် စစ်ရေးတို့တွင် အသုံးပြုလာသည်။

အစ္စတန်ဘူလ်မြို့ရှိ လက်ဖက်ရည်ဆိုင်၌ ပေါက်ကွဲမီးလောင်

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဂီတဖျော်ဖြေရေးနှင့် တွဲဖက်ဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် မတ် ၃၀ ရက် နံနက်က ပေါက်ကွဲမှုတစ်ခုကြောင့် မီးလောင်မှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အရာရှိများကပြောကြားသည်။ အဆိုပါပေါက်ကွဲမှုသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က အစ္စတန်ဘူလ်မြို့ အီစန်လာခရိုင်အတွင်း၌ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းလက်ဖက်ရည်ဆိုင်သည် အိုဟာန်ဂါဇီလမ်းရှိ အဆောက်အအုံတစ်လုံး၏ မြေညီထပ်၌ရှိပြီး လက်ဖက်ရည်ဆိုင်အတွင်း ဂီတဖျော်ဖြေတီးခတ်နေချိန်တွင် ထိုသို့ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် မီးလောင်မှုဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေးသမားများ အမြန်ရောက်ရှိလာခဲ့ကြောင်း၊ မီးသတ်သမားများကလည်း အောက်ဆီဂျင်ဘူးများတပ်ဆင်ကာ အဆောက်အအုံ၏နံရံတစ်ခုအား ဖျက်ဆီးပြီး အတွင်းသို့ ဝင်ရောက်ကာ ပိတ်မိနေသူအချို့ကို ကူညီခဲ့ရသည်ဟုဆိုသည်။သို့သော်လည်း ဆိုင်အတွင်းသေဆုံးနေသည့် အမျိုးသမီးနှစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့အားလုံးမှာ ယင်းဆိုင်မှ အလုပ်သမားများဖြစ်ကြောင်း၊ ဖြစ်ပွားမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဖော်ဆောင်ပေးထားသည့် ဆည်တမံများ

ကယားပြည်နယ်တွင် လယ်ယာစိုက်ပျိုးရေးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် ဆည်တမံများ တည်ဆောက်ပေးခဲ့ရာ စိုက်ပျိုးရေများ စိုက်ပျိုးမြေများသို့ ပို့လွှတ်ပေးလျက်ရှိသည့် ငွေတောင်ဆည်ကို တွေ့ရစဉ်။

နိုင်ငံတော်က ဆည်မြောင်းတာတမံများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့ တည်ဆောက်အကောင်အထည်ဖော်ပေးမှုကြောင့် စိုက်ပျိုးလုပ်ကိုင်သူ တောင်သူဦးကြီးများအတွက် လယ်ယာသီးနှံများ ဖူလုံပိုလျှံစွာထုတ်လုပ်နိုင်သည်။ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသမှ တိုင်းရင်းသားတောင်သူလယ်သမားဦးကြီးတို့၏ လယ်ယာစီးပွားကဏ္ဍ တိုးတက်မြင့်မားစေရန် စိန်ပန်းမြိုင်ရေလှောင်တမံ (အပေါ်ပုံ)ကို တည်ဆောက်ပေးခဲ့သည်။

ကယားပြည်နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိရာ လယ်ယာမြေကေများစွာကို စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဖြူးပေးဝေနေသည့် ဒီမောဆိုမြို့နယ် လွိုင်နန်းဖရွာအနီး လွိုင်နန်းဖရေလှောင်တမံ(ယာပုံ)ကို တွေ့ရစဉ်။

သတင်းမှတ်စု – မောင်ငြိမ်းအေး



လွိုင်းဘွဲ့မြို့နယ်အတွင်း သီးထပ်နွေစပါးများ အထွက်တိုးစေရန်အတွက် တည်ဆောက်ပေးထားသည့်ရေဘုတ်ဆည်ကို တွေ့ရစဉ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဗဟိုကော်မတီ** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဦးစီးဌာန** ဆိုသည်မှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကို ဆိုသည်။

(ဃ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့ကို ဆိုသည်။

(င) **မြေလွတ်၊မြေလပ်** ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

(စ) **မြေရိုင်း** ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း မရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်။

(ဆ) **အာမခံကြေး** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်မည့်၊ အသုံးပြုမည့် လုပ်ငန်းအလိုက် သတ်မှတ်ထားသော ကြိုတင်ကြေးငွေတစ်ရပ်ကို ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုထားသော ဘဏ်တစ်ခုခုသို့ အပ်နှံရန် သို့မဟုတ် အာမခံချက်ပေးရန် ဤဥပဒေများနှင့်အညီ သတ်မှတ်သော အာမခံကြေးငွေကို ဆိုသည်။

(ဇ) **မြေခွန်** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့်၊ အသုံးပြုသည့် လုပ်ငန်းအလိုက် နိုင်ငံတော်သို့ ပေးဆောင်ရန် နှုန်းထားသတ်မှတ်ချက်ကို ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေပါ မြေခွန်ကိုဆိုသည်။

(ဈ) **နှစ်ရှည်ပင်** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစားအလိုက် နှစ်ကာလတစ်ခုတွင် အကျိုးအမြတ်ရရှိနိုင်မည့် သီးပင်၊ သစ်ပင်များကို ဆိုသည်။

(ည) **ဥယျာဉ်ခြံသီးနှံ** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်းသော်လည်းကောင်း၊ ရောနှော၍သော်လည်းကောင်း စိုက်ပျိုးထားပြီး အကြိမ်ကြိမ်ခူးဆွတ်သော်လည်း အပင်သက်တမ်းကုန်သည်အထိ ပြန်လည်စိုက်ပျိုးရန် မလိုသည့် သစ်သီးဝလံပင်များကို ဆိုသည်။

(ဋ) **ရာသီသီးနှံ** ဆိုသည်မှာ စိုက်ပျိုးချိန်ရာသီကာလအတွင်း စိုက်ပျိုးရိတ်သိမ်း၍ ဝင်ငွေရရှိပြီးနောက် ထပ်မံမြေပြုပြင်စိုက်ပျိုးရသည့် သီးနှံကိုဆိုသည်။

(ဌ) **ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း** ဆိုသည်မှာ မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ဓာတ်သတ္တုထုတ်လုပ်ခြင်း ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဍ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် အမိန့်ကို ဆိုသည်။

အခန်း(၂)
မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်သမ္မတသည် -

(က) နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချ စီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း(၃)
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်

၄။ ဗဟိုကော်မတီသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုနိုင်သည် -

(က) စိုက်ပျိုးရေးလုပ်ငန်း၊

(ခ) မွေးမြူရေးလုပ်ငန်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊

(ဃ) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ။

၅။ နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၄ ပါ လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားနိုင်သည် -

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၁၄ နှင့်အညီ ကင်းလွတ်ခွင့်ပြုထားသူများ၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ။

၆။ ဗဟိုကော်မတီသည် ပုဒ်မ ၅ အရ လျှောက်ထားသည့် ကိစ္စများနှင့်စပ်လျဉ်း၍ -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို ရယူရမည်။

(ခ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက်ဖြစ်ပါက သတ္တုတွင်းဝန်ကြီးဌာနမှ လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ)ပါ အခြားလုပ်ငန်းအတွက်ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ လည်းကောင်း သဘောထား တောင်းခံရမည်။

(ဂ) ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်းနိုင်ရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သောအကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၇။ ဗဟိုကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့် လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့် လုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း သို့မဟုတ် ယင်းသို့ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၉။ ဗဟိုကော်မတီသည် ပုဒ်မ ၈ အရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးခြင်းပြုသည့်အခါ အာမခံကြေးပေးသွင်းစေပြီး ခွင့်ပြုမိန့် ထုတ်ပေးရမည်။

အခန်း(၄)
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များ

၁၀။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့် စပ်လျဉ်း၍-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင်ဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့်ဧက၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ အမှန်တကယ်စိုက်ပျိုးနိုင်မည့် ဧကအား ခွင့်ပြုနိုင်သည်။

(၂) ဥယျာဉ်ခြံသီးနှံဖြစ်ပါက ဧက ၃၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၃) စက်မှုကုန်ကြမ်း ရာသီသီးနှံဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသည့်ဧကကို ၇၅ ရာခိုင်နှုန်း အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ ခွင့်ပြုနိုင်သည်။

(၄) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၅၀ ဧက ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသ အဖွဲ့အစည်း တစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်။

(ခ) မွေးမြူရေးလုပ်ငန်းတွင်-

(၁) ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးဖြစ်လျှင် ဧက ၁၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) တိရစ္ဆာန်မွေးမြူရေးဖြစ်လျှင်-

(ကက) ကျွဲ၊ နွား၊ မြင်း မွေးမြူရေးဖြစ်ပါက ဧက ၂၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ခခ) သိုး၊ ဆိတ် မွေးမြူရေးဖြစ်ပါက ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂဂ) ကြက်၊ ဝက်၊ ဘဲ၊ ငုံး မွေးမြူရေးဖြစ်ပါက ဧက ၃၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၃) ပုဒ်မခွဲငယ် (၁)နှင့်(၂)တို့တွင် အကျုံးမဝင်သော မွေးမြူရေးလုပ်ငန်းဖြစ်ပါက သင့်လျော်သောဧကကို ခွင့်ပြုနိုင်သည်။

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

၁၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းတို့နှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့်စပ်လျဉ်း၍-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) ရာသီသီးနှံဖြစ်လျှင် သတ်မှတ်သော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ ခွင့်ပြုရမည်။

(ခ) မွေးမြူရေးလုပ်ငန်းတွင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မခွဲ(ခ)တို့အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသော လုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားပေါ် မူတည်ပြီး ထပ်မံ၍ စုစုပေါင်း နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။

(ဃ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

(င) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

၁၂။ ဗဟိုကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသောရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများပါဝင်သည့် အဖွဲ့အစည်းက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာပါက နိုင်ငံသားများ ဆောင်ရွက်နိုင်စွမ်းမရှိသော လုပ်ငန်းများသာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် စိစစ်ခွင့်ပြုရမည်။

အခန်း (၅)
အာမခံကြေးနှင့် မြေခွန်

၁၃။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်။

၁၄။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့် မြေခွန်နှုန်းထားနှင့် သင့်တင့်သောမြေခွန်ကင်းလွတ်ခွင့်ပြုသည့်ကာလကို လုပ်ငန်းအမျိုးအစား၊ သီးနှံအမျိုးအစားအလိုက် သတ်မှတ်ရမည်။

၁၅။ ဦးစီးဌာနသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူထံမှ မြေခွန်ကို လုပ်ငန်းအမျိုးအစား၊ သီးနှံအမျိုးအစားအလိုက် မြေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးသည့်နေ့မှစ၍ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းပြုရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ၏ မြေခွန်ပေးသွင်းခြင်းကို ကြီးကြပ်စစ်ဆေးရမည်။

အခန်း(၆)
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ

၁၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည်-

(က) ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစားနှင့် ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

(ခ) လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြေအနေကြောင့်သော်လည်းကောင်း ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ကာလကို ဗဟိုကော်မတီမှ ပြန်လည်ပြင်ဆင်သတ်မှတ်ပေးနိုင်သည်။

(ဂ) ခွင့်ပြုထားသည့် မြေလွတ်၊ …
ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြ…
ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှ…
ဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် …

(ဃ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် မြေလွတ်…
အတွက် မြေခွန်ကို အပြေအကျေ…

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမျ…
နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက သ…
ချက်များကို လိုက်နာရမည်။

(စ) ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမ…
အခြားသယံဇာတပစ္စည်းများကို …

(ဆ) ခွင့်ပြုထားသောမြေအတွင်း သ…
နိုင်ငံတော်အစိုးရက စီးပွားဖြစ်ထ…
သော မြေဧရိယာအနက် လိုအပ်…
သိမ်းယူသည့်အခါ ပြည်ထောင်…
သည့်အတိုင်း ပြန်လည်အပ်နှံရမ…

အခန်း(၇)
ကြီးကြပ်ခြင်း

၁၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှ…
အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့် …
သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လု…
သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့…
ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်…

၁၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှ…
အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသည့် …
လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေ…
စုပေါင်းပါဝင်သော အထူးအဖွဲ့ကို အခါအားလျော်…
နိုင်သည်။

၁၉။ ဗဟိုကော်မတီသည် အောက်ပါအခြေအ…
ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိ…
အနည်းဆုံးမြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိ…

(က) ခွင့်ပြုထားသော မြေလွတ်မြေလပ်နှင့်…
ယဉ်ကျေးမှုအမွေအနှစ်များ တွေ့…

(ခ) နိုင်ငံတော်အကျိုးငှာ အခြေခံအဆော…
သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်း…

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်င…
သော မြေလွတ်၊ မြေလပ်နှင့် မြေရို…
သတ္တုအမျိုးအစားမှအပ အခြားသ…

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ…
ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်…
ဇာတပစ္စည်းတွေ့ရှိခြင်း။

၂၀။ ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွ…
ကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် …
ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည…
ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်…
သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်…
ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်…

၂၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှ…
အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါ စည်းကမ်းချက…
ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားသော …
ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပို…
ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

၂၂။ ဤဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှ…
ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြု…
အဖွဲ့အစည်းများသည်-

(က) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ …
ခွင့်ပြုမိန့်ထုတ်ပြန်သည့် ရက်စွဲနှင့် …
ဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်…
ဧရိယာနှင့် ကျန်ရှိနေသော ဧရိယ…
ခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများ …
ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်…
မြေရိုင်းများနှင့် စပ်လျဉ်း၍ ဤ…
ဆောင်ရွက်ရမည်။

(ဂ) မူလခွင့်ပြုကာလထက် ကျော်လွန်သ…
အသုံးပြုခြင်း မရှိသေးသော မြေ…
များကို နိုင်ငံတော်က ပြန်လည်သိမ်…
ရမည်။

(ဃ) မူလခွင့်ပြုကာလအတွင်း သတ်မှတ်…
များနှင့်အညီ လုပ်ငန်းဆောင်ရွ…
သို့မဟုတ် စည်းကမ်းချက်ကို ချိုး…
အာမခံကြေးကို နိုင်ငံတော်ဘဏ္…
ခံရမည့်အပြင် မြေလွတ်၊ မြေလပ်န…
အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်း…

အခန်း(၈)
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်… ရရှိသူများအား ပံ့ပိုးဆောင်ရွ…

၂၃။ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမျ…
ရရှိသူက စိုက်ပျိုးရေး သို့မဟုတ် …
နည်းပညာ၊ မျိုးကောင်းမျိုးသန့်…
ဆက်သွယ်တောင်းခံလာလျှင် လို…
သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမျ…
ရရှိသူက ရင်းနှီးမြှုပ်နှံမှုအတွက် …

(ဂ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်းမပြုရ။

(ဃ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် မြေခွန်ကို အပြေအကျေ ပေးဆောင်ရမည်။

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာရမည်။

(စ) ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမှအပ မြေပေါ်မြေအောက်ရှိ အခြားသယံဇာတပစ္စည်းများကို ထုတ်ယူခြင်းမပြုရ။

(ဆ) ခွင့်ပြုထားသောမြေအတွင်း သယံဇာတပစ္စည်းများတွေ့ရှိ၍ နိုင်ငံတော်အစိုးရက စီးပွားဖြစ်ထုတ်လုပ်လိုသဖြင့် ခွင့်ပြုထားသော မြေဧရိယာအနက် လိုအပ်မည့်မြေဧရိယာကို ပြန်လည်သိမ်းယူသည့်အခါ ပြည်ထောင်စုအစိုးရက ညွှန်ကြားထားသည့်အတိုင်း ပြန်လည်အပ်နှံရမည်။

အခန်း(၇)
ကြီးကြပ်ခြင်း

၁၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်။

၁၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သော အထူးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၉။ ဗဟိုကော်မတီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်-

(က) ခွင့်ပြုထားသော မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိခြင်း၊

(ခ) နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်း သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်လိုအပ်ခြင်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ခွင့်ပြုထားသော သတ္တုအမျိုးအစားမှအပ အခြားသယံဇာတပစ္စည်းတွေ့ရှိခြင်း၊

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ)တို့ပါ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် သယံဇာတပစ္စည်းတွေ့ရှိခြင်း။

၂၀။ ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

၂၂။ ဤဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-

(က) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဧရိယာ၊ ခွင့်ပြုမိန့်ထုတ်ပြန်သည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိနေသော ဧရိယာတို့ကို အထောက်အထားခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများ ပူးတွဲလျက် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

အခန်း(၈)
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများအား ပံ့ပိုးဆောင်ရွက်ခြင်း

၂၃။ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် အခြားပံ့ပိုးမှုများကို ဆက်သွယ်တောင်းခံလာလျှင် လိုအပ်သလို ကူညီပံ့ပိုးပေးနိုင်သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေများ ရရှိလိုလျှင်လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှု အကူအညီရရှိလိုလျှင်လည်းကောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ စိစစ်ထောက်ခံပေးနိုင်သည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးနောက် မုန်တိုင်းကျရောက်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက နိုင်ငံတော်မှ အထူးချေးငွေရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ထောက်ခံပေးနိုင်သည်။

၂၄။ ဗဟိုကော်မတီသည် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ ပြီးစီးသည်အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအား အာမခံကြေး ပြန်လည်ထုတ်ပေးရမည်။

၂၅။ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတောင်သူလယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြလာလျှင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဦးစွာညှိနှိုင်းပေးရမည်။ ညှိနှိုင်း၍မရပါက ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာအပေါ်တွင် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသောမြေဧရိယာအပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့် ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ၎င်းတို့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။

အခန်း(၉)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေပေါ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးဖျက်ဆီးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကသော်လည်းကောင်း၊ ယင်း၏ကိုယ်စား တာဝန်ရှိသူကသော်လည်းကောင်း ခွင့်ပြုခြင်းမရှိဘဲ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသောမြေတွင် ဝင်ရောက်ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကိုဖြစ်စေ၊ ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူကိုဖြစ်စေ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသောမြေတွင် လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်ရုပ်သိမ်းထားသည့် မြေပေါ်မှ ထွက်ခွာဖယ်ရှားပေးရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၀)
အထွေထွေ

၃၀။ အခန်း(၉)ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူအား လုပ်ငန်းဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေကို သတ်မှတ်ချက်များနှင့်အညီ တင်ပြစေနိုင်သည်။

၃၂။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခြောက်လလျှင် တစ်ကြိမ် တင်ပြရမည်။ မူဝါဒဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတထံသို့ နည်းလမ်းတကျတင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၃၃။ ဤဥပဒေအရဖွဲ့စည်းသော ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီက ဖွဲ့စည်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပြုပြင်မွမ်းမံပြီး ကျောင်းဆောင်ဖွင့်ပွဲများ တက်ရောက်

နေပြည်တော် ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ပြုပြင်မွမ်းမံလှူဒါန်းသည့် ပုသိမ်မြို့ အမှတ် (၇) ရပ်ကွက်ရှိ အမှတ် (၂၉) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ် (၅)ရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်တို့၏ ဖွင့်ပွဲအခမ်းအနားများကို မတ် ၃၁ ရက် နံနက်ပိုင်းတွင် အဆိုပါ ကျောင်းဆောင်များ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုးမြင့်၊ တိုင်းဒေသကြီးလက်ထောက်တိုင်းပညာရေးမှူး (စီမံ) ဦးရဲမြင့်နှင့် ပုသိမ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ကျောင်းဆောင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြချက်

နေပြည်တော် ဧပြီ ၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော GSM/UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း၊ ZTE GSM Core Network တွင် စက်အသစ်များ ပြောင်းလဲချိတ်ဆက်ခြင်း၊ (Cutover) လုပ်ငန်းများ ဆောင်ရွက်ခြင်းကို အောက်ဖော်ပြပါ ရန်ကုန်မြို့၊ နေပြည်တော်၊ မန္တလေးမြို့၊ လားရှိုးမြို့၊ မကွေးမြို့၊ မုံရွာမြို့၊ မူဆယ်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် ယှဉ်တွဲဖော်ပြပါ နေ့ရက်များအတိုင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်-

နေ့စွဲ	အကြောင်းအရာ	ဆိုင်းငံ့ချိန်
၂-၄-၂၀၁၂ (တနင်္လာနေ့)	ရန်ကုန်မြို့ရှိ SGSN/GGSN/ WAP တို့အား စက်အသစ်သို့ ပြောင်းလဲချိတ်ဆက်ခြင်း	ည ၁၂ နာရီတိတိမှ ၁၂ နာရီ ၁၀ မိနစ်အထိ (၁၀မိနစ်)
၃-၄-၂၀၁၂ (အင်္ဂါနေ့)	ရန်ကုန်မြို့ရှိ လက်ရှိ iHLR အား USSP သို့ ပြောင်းလဲချိတ်ဆက်ခြင်း	ည ၁၂ နာရီတိတိမှ ၁၂ နာရီ ၂၀ မိနစ်အထိ (၂၀မိနစ်)
၅-၄-၂၀၁၂ (ကြာသပတေးနေ့)	နေပြည်တော်ရှိ MGW အား ရန်ကုန်မြို့ VMSC အသစ်သို့ ရွှေ့ပြောင်းချိတ်ဆက်ခြင်း	ည ၁၂ နာရီတိတိမှ ၁၂ နာရီ ၁၀ မိနစ်အထိ (၁၀မိနစ်)
၇-၄-၂၀၁၂ (စနေနေ့)	လားရှိုးမြို့၊ မကွေးမြို့၊ မုံရွာမြို့၊ မူဆယ်မြို့နှင့် မြစ်ကြီးနားမြို့တို့ရှိ MGW များအား မန္တလေးမြို့ VMSC အသစ်သို့ ရွှေ့ပြောင်းချိတ်ဆက်ခြင်း	ည ၁၂ နာရီတိတိမှ ၁၂ နာရီ ၁၀ မိနစ်အထိ (၁၀မိနစ်)
၁၀-၄-၂၀၁၂ (အင်္ဂါနေ့)	မန္တလေးမြို့ လက်ရှိ iHLRအား USSP သို့ ပြောင်းလဲတပ်ဆင်ခြင်း	ည ၁၂ နာရီတိတိမှ ၁၂ နာရီ ၂၀ မိနစ်အထိ (၂၀မိနစ်)
၁၂-၄-၂၀၁၂ (ကြာသပတေးနေ့)	ရန်ကုန်မြို့MGW အား ရန်ကုန်မြို့ VMSC အသစ်သို့ ရွှေ့ပြောင်းချိတ်ဆက်ခြင်း	ည ၁၂ နာရီတိတိမှ ၁၂ နာရီ ၁၀ မိနစ်အထိ (၁၀မိနစ်)
၁၅-၄-၂၀၁၂ (တနင်္ဂနွေနေ့)	မန္တလေးမြို့ MGW အား မန္တလေးမြို့ VMSCအသစ်သို့ ရွှေ့ပြောင်းချိတ်ဆက်ခြင်း	ည ၁၂ နာရီတိတိမှ ၁၂ နာရီ ၁၀ မိနစ်အထိ (၁၀မိနစ်)

အထက်ဖော်ပြပါ နေ့ရက်များတွင် နံနက်စောစောပိုင်းအချိန်၌ စက်အသစ်များ ရွှေ့ပြောင်းလဲလှယ်ချိတ်ဆက်ခြင်း လုပ်ငန်းများ ဆောင်ရွက်သည့်မြို့များ၌ တပ်ဆင်ထားသော GSM မိုဘိုင်းတယ်လီဖုန်းများသည် ပြောဆိုဆက်သွယ်ခြင်းဝန်ဆောင်မှု (Voice Service) နှင့် အချက်အလက်ဝန်ဆောင်မှု (Data Service) များသည် ၁၀ မိနစ်မှ အများဆုံး ၂၀ မိနစ်အထိ ခေတ္တဆိုင်းငံ့မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)

လက်မှတ်ပေးအပ်

ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ပုသိမ် မူလတန်းကြိုကျောင်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်သိန်းက လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

လှူဒါန်း

လှိုင်မြို့နယ် တိပိဋကမေ့ရက္ခိတဗိမာန်တော် တိုးချဲ့ဆောင်ဆောက်လုပ်ရန်အတွက် ဖခင်ကြီး ဦးအောင်ထွန်း-မိခင်ကြီး ဒေါ်ငြိမ်းတို့အား ရည်စူး၍ အလှူရှင် ဦးအေးသောင်း၊ ဒေါက်တာဒေါ်အေးအေးသိန်း ညီအစ်ကို မောင်နှမများနှင့် တပည့်များက ငွေကျပ် ၄၅ သိန်း လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးစိန်တင့်နှင့်အဖွဲ့ လက်ခံယူစဉ်။ (၁၂၂)

လက်ခံယူ

မတ် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအဖွဲ့မှ လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာအုပ်စု ချေးငွေကြီးကြပ်မှု ကော်မတီသို့ ချေးငွေ ကျပ် ၁၁၂ သိန်း ၅ သောင်း လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ ကျေးရွာပြည်သူတစ်ဦး လက်ခံယူစဉ်။ (၁၆၄)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ သဃ်န်းကျွန်းမြို့နယ်၌ကျင်းပ

ရန်ကုန် ဧပြီ ၁

၂၀၁၂ ခုနှစ် ခရိုင်အဆင့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဖြူဖြူအေးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ မိန့်ခွန်းကို ဖတ်ကြားပြီး အရှေ့ပိုင်းခရိုင် တီဘီဆရာဝန်ဒေါက်တာစောနွဲ့နွဲ့မြင့်က တီဘီရောဂါသိကောင်းစရာအကြောင်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လိုက်လံကြည့်ရှုကြရာ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီးဒေါက်တာခင်မိမိခိုင်နှင့်ကျန်းမာရေး ဝန်ထမ်းများက ရှင်းလင်းပြသကြပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၂၅)

လှိုင်းဘွဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ် ၁၉ ရက်က ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းသူအောင်က အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၄၂ ကတ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်အား ပေးအပ်စဉ်။ (မြို့နယ်လဝက)

ဘဝမီးအိမ်စာကြည့်တိုက် ဝမ်းတွင်းမြို့နယ်၌ဖွင့်

နေပြည်တော် ဧပြီ ၁

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရာသချာကျေးရွာ ဘဝမီးအိမ်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ဝမ်းတွင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုထွေးနှင့် တာဝန်ရှိသူများက အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုထွေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းမောင်နှင့် ရာသချာကျေးရွာ ရပ်မိရပ်ဖ ဦးချစ်တင်တို့က စာအုပ်မျိုးစုံ ၅၀ စီ ပေးအပ်လှူဒါန်းပြီး ရာသချာကျေးရွာအုပ်စု ချိုင်းရွာနေ ဦးတင်နွယ်က မြေနေရာအတွက် ငွေကျပ် တစ်သိန်းထည့်ဝင်လှူဒါန်းသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက ရတနာပုံသတင်းစာ တစ်နှစ်စာကျသင့်ငွေနှင့် စာကြည့်တိုက်ကော်မတီဝင် ဦးဌေးကျော်လွင်က ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာ ကျသင့်ငွေတို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း မှု ခင်း သ တင်း

နှစ်လုံး၊ သုံးလုံး လောင်းကစားဒိုင် ဖမ်းဆီးမိ

ရန်ကုန် ဧပြီ ၁

ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အနောက်ရပ်ကွက်အတွင်း နှစ်လုံး၊ သုံးလုံး လောင်းကစားမှုများ ပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့က မတ် ၂၆ရက်က လောင်းကစားမှုပြုနေသော အိမ်ကို ဝင်ရောက်ရှာဖွေရာ ဒိုင်ကိုင်ရာတွင် မှတ်သားရေးသွင်းထားသော Laptop တစ်လုံး၊ CDMA ဖုန်းတစ်လုံး၊ ဂဏန်းပေါင်းစက်နှစ်လုံး၊ ဂဏန်းနှင့် ငွေသားရေးမှတ်ထားသော ဘောက်ချာအသုံးပြုစာရွက်များနှင့်အတူ ငွေသားကျပ် ၂၂၃၄၆၀၀ နှင့်အတူ ဖမ်းဆီးမိသဖြင့် ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

ထွန်စက်လက်ကိုင်နှင့် ဦးခေါင်းညှပ်၍ သေဆုံးမှုဖြစ်

မတ် ၂၇ ရက် နံနက် ၁၁ နာရီ ၅ မိနစ်ခန့်က ရေကြည်မြို့နယ် ကက္ကူလေးကျေးရွာအုပ်စု ရေသိုးကုန်းကျေးရွာလမ်းမပေါ်၌ ကက္ကူလေးကျေးရွာနေ ကျော်မိုး (၄၅)နှစ် (ဘ-ဦးကျော်ငြိမ်း)ထွန်စက်မောင်းသည် အသံချဲ့စက်များ တင်ဆောင်၍ ရေသိုးကုန်းကျေးရွာ ဦးညွှက်နေအိမ် မင်္ဂလာဆောင်သို့ပို့ရန် ၎င်း၏ ထွန်စက်နောက်တွဲ ထော်လာဂျီတွင် တင်ဆောင်မောင်းနှင်လာစဉ် ရေသိုးကုန်းလေး လမ်းဆုံအရောက်၌ အရှိန်မထိန်းနိုင်ဘဲဖြစ်ပြီးနောက် ထွန်စက်လက်ကိုင်နှင့် ဦးခေါင်းညပ်မိပြီး ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိကာ သေဆုံးသွားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ထန်းတပင်မြို့နယ်၌ စက်ရေတွင်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် အမှတ်(၁)ရပ်ကွက် အောင်သိဒ္ဓိလမ်း၌ စက်ရေတွင်းသစ် ပြီးစီးမှုဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်က ကျင်းပသည်။

အဆိုပါစက်ရေတွင်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်မောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထိန်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

၎င်းစက်ရေတွင်းတူးဖော်ပေးခြင်းကြောင့် အမှတ်(၁)ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၄၇၅ စုမှ လူဦးရေ ၁၀၀၉ ဦးတို့ သန့်ရှင်းသော သောက်ရေသုံးရေများ ရရှိကြမည်ဖြစ်ကြောင်း သိရှိရသည်။ (ဝ၄၈)

အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်

မြင်းခြံ ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံ ဒီဂရီကောလိပ် ဘက်စုံခန်းမ၌ မတ် ၂၉ရက် နံနက် ၉နာရီက အင်္ဂလိပ်စာဌာနမှူးကြီးမှူး ကျင်းပသောဘာသာရပ်ပေါင်းစုံ အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရာ မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်က တက်ရောက်အမှာစကားပြောကြားသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်များက တစ်ဦးချင်းမဲနှိုက်၍ ကျရာခေါင်းစဉ်များဖြင့် အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ ဆုရရှိသူများနှင့် ဖေဖော်ဝါရီ ၂၇ရက်ကကျင်းပခဲ့သော အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများပေးအပ်ရာ မြင်းခြံဒီဂရီ ကောလိပ်ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်က အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ဝေလင်းအောင် (ဒုတိယနှစ်သင်္ချာ)အား လည်းကောင်း၊ အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲ၌ ပထမရရှိသော မအိအိဖြိုးအား လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ကော့မှူးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၇ ရက် ညနေ ၃ နာရီက နတ်စင်ကုန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေက ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကော့မှူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက မြို့နယ်အတွင်း ကျေးလက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကော့မှူးမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ် (ဝဲပုံ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် ကျေးလက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းရှင်းလင်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ အသက်ကိုးလမှငါးနှစ်အတွင်း ကလေးငယ်များကိုအစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း (၂၀၁၂) အား အသိပေးညှိနှိုင်း ရှင်းလင်းပွဲကိုလမ်းမတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်းမ၌ မတ် ၁၄ ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးသိန်းဆင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ပပက ကာကွယ်ဆေးထိုး လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ လမ်းမတော်မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ ဦးစီးဌာနမှူးများ တက်ရောက်ခဲ့ကြကာ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအတွက် လုပ်ငန်းစဉ်များရေးဆွဲခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

တာချီလိတ်မြို့၌ ဖူဆယ်ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

တာချီလိတ် ဧပြီ ၁

A Lo Lo ဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၁၀နာရီက တာချီလိတ်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် Face Book အသင်းနှင့် Beer Chang အသင်းတို့ယှဉ်ပြိုင်ကစားကြရာ Face Book အသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် နေရာအလိုက်အကောင်းဆုံးဆုရရှိသူများ၊ တစ်ဦးချင်းဆုများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။ ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အနိုင်ရရှိသွားသော Face Bookအသင်းကို ပထမဆုဖလားချီးမြှင့်သည်။ (ဝဲပုံ)

အဆိုပါပြိုင်ပွဲကို မတ် ၉ ရက်က စတင်ကျင်းပခဲ့ပြီး အသင်း ၂၀ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းပညာပေး

မုံရွာ ဧပြီ ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဝင်ငွေခွန်ဥပဒေအရ လစာခေါင်းစဉ်အောက်မှ ဝင်ငွေအပေါ်အခွန်ပေးသွင်းရာတွင် လစဉ်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့်စည်းကြပ်ရမည့် လုပ်ထုံးလုပ်နည်း ပညာပေးဆွေးနွေးပွဲကို မတ် ၂၉ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးညီညီထင်ပေါ် (အောက်ပုံ)က အမှာစကားပြောကြားပြီး အခွန်စည်းကြပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခွန်တွက်ချက်ပုံများ၊ အခွန်ပေးဆောင်ရမည့် နည်းလမ်းများကို ဦးစီးအရာရှိ ဒေါ်ခင်အေးမြင့်နှင့် ဒေါ်သီတာမိုးတို့က ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီနှင့် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရှိရသည်။ (အခွန်ဦးစီးဌာန)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

ရန်ကုန်တိုင်းဒေသကြီးရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ ဆန္ဒမဲပေးနေမှုနှင့် မဲရေတွက်မှုများကို သံတမန်များ၊ နိုင်ငံတကာမှလေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များ ကြည့်ရှုလေ့လာ

မရမ်းကုန်းမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် စတင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၊ သုံးခွမြို့နယ်၊ လှည်းကူးမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်ကြသည်။

စနစ်တကျ

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲကို သက်ဆိုင်ရာမဲရုံများ၌ ကျင်းပရာ ဒေသခံပြည်သူများက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်ပွင့်လင်းစွာဖြင့် စနစ်တကျ လာရောက်ဆန္ဒမဲပေး ရွေးချယ်ကြသည်။

ကော့မှူးမြို့နယ်၌ မြို့ပေါ်ရပ်ကွက် (၇)ခုတွင် မဲရုံပေါင်း (၇)ရုံရှိပြီး ကျေးရွာပေါင်း (၁၂၆)ရွာ၌ မဲရုံပေါင်း (၁၂၂)ရုံရှိကာ မဲရုံစုစုပေါင်း (၁၂၉)ရုံ၌ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဒေသခံပြည်သူများက လာရောက်ဆန္ဒမဲပေးကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ရန်ကုန်တိုင်းဒေသကြီးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ခွဲဝင်များ လိုက်ပါလျက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကော့မှူးမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးသို့ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦးနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးတို့အားတွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ မဲရုံများ၌ ဒေသခံပြည်သူများ လွတ်လပ်ပွင့်လင်းစွာ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

သတင်းရယူ

ယင်းသို့ ဒေသခံပြည်သူများ၏ ဆန္ဒမဲပေးမှုများကို ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ လာရောက်လေ့လာကြသော ကိုယ်စားလှယ်များ၊ ပြည်ပနိုင်ငံများမှ လာရောက်သတင်းရယူကြသော သတင်းထောက်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ စာနယ်ဇင်းများမှ သတင်းထောက်များက ကြည့်ရှုလေ့လာ မှတ်တမ်းတင်၍ သတင်းရယူကြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မဲရုံများတွင် မဲများ စနစ်တကျ စိစစ်ရေတွက်နေသည်ကို သတင်းထောက်များ မှတ်တမ်းဓာတ်ပုံရိုက်ကူးနေစဉ်။ (သတင်းစဉ်)

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နီလာညွန့်နှင့် အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် ပြည်တွင်းပြည်ပမှ သတင်းထောက်များက နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုလေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများအား သိလိုသည်များကို မေးမြန်းကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မဲဆန္ဒနယ်၌ မဲရုံပေါင်း (၁၃၅)ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ လွတ်လပ်စွာ မဲပေးကြသည်။

ထို့အတူ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မဲဆန္ဒနယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များက ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုလေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများအား သိလိုသည်များကို မေးမြန်းကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မဲဆန္ဒနယ်၌ မဲရုံပေါင်း (၁၂၀)ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ လွတ်လပ်စွာ မဲပေးကြသည်။

အလားတူ ရန်ကုန်မြို့ရှိ သံတမန်များ၊ နိုင်ငံတကာမှလေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များသည် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဝင် ဦးချစ်နိုင်နှင့်အတူ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် အုတ်ပုံဆိပ်လမ်း မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ မဲရုံအမှတ်(၈)၌ မဲဆန္ဒရှင်များ မဲပေးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်၌ မဲရုံပေါင်း (၁၁၇)ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မဲဆန္ဒနယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှု၊ မဲရေတွက်မှုတို့ကို သံတမန်များ၊ နိုင်ငံတကာမှလေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်း၊ ဂျာနယ်သတင်းထောက်များက လှည့်လည်ကြည့်ရှုလေ့လာကြပြီး မဲဆန္ဒရှင်ပြည်သူများအား သိရှိလိုသည်များကို မေးမြန်းကြသည်။

ရှေးဦးစွာ အထူးဖိတ်ကြားထားသော ကုလသမဂ္ဂဌာနချုပ်မှ တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၂)ရပ်ကွက် အောင်မင်္ဂလာလမ်းရှိ မဲရုံသို့ ရောက်ရှိပြီး ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များအား သိရှိလိုသည်များ မေးမြန်းကာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဆာဗီးယားသံရုံး ယာယီတာဝန်ခံနှင့်အဖွဲ့၊ ဘရူနိုင်းလေ့လာရေးအဖွဲ့၊ ဥရောပသမဂ္ဂမှ လေ့လာရေးအဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက် *စာမျက်နှာ ၅ ကော်လံ ၁ **

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

သြစတြေးလျ အနောက်ပိုင်း၌ ငါးမန်းတိုက်ခိုက်ခံရပြီး တစ်ဦးသေဆုံး။ စာ-၆

ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဖော်ဆောင်ပေးထားသည့် ဆည်တမံများ။ စာ-၇

ပြည်ထောင်စုလွှတ်တော်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း။ စာ-၈၊ ၉